ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ညွှန်ကြားချက်အမှတ်( ၅ /၂၀၂၀)
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်

## ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ကိုင်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေ၊ ပုဒ်မ ၆၈(ခ) တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ COVID-19 Disease ဖြစ်ပွားမှု များပြားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ကိုင် နေသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ သိရှိလိုက်နာနိုင်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ၂၃-၁၀-၂၀၂၀ ရက်နေ့တွင် ကျင်းပသည့် အစည်းအဝေးဆုံးဖြတ်ချက်အရ COVID-19 ရောဂါ ကူးစက် ခံရမှု ရာခိုင်နှုန်းအများဆုံး ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်း လုပ်ငန်း လုပ်ကိုင် သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) ချေးငွေရယူထားသည့် အသင်းဝင်များ၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ အတွင်း ပြန်လည်ပေးဆပ်ရမည့် အတိုးနှင့် အရင်းများကို ၂၀၂၁ ခုနှစ်၊ ဧပြီလအထိ ရွှေ့ဆိုင်းပေးရန်၊ ထိုကာလအတွင်း ချေးငွေ အပေါ် အတိုးကောက်ခံခြင်းမပြုရန်နှင့် ရွှေ့ဆိုင်းပေးသည့် ချေးငွေအတိုးနှင့်အရင်းကို ၂၀၂၁ ခုနှစ်၊ မေလမှ အောက်တိုဘာလ အတွင်း အရစ်ကျ ပြန်လည် ကောက်ခံရန်၊

(ခ) အဆိုပါ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွက် ရွှေ့ဆိုင်းပေးသည့် ချေးငွေကို မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေသက်တမ်း (၁)နှစ်၊ ဆိုင်းငံ့ကာလ (၆)လ (အတိုးမဲ့ချေးငွေ) ထုတ်ချေးပေးမည်

ဖြစ်ပြီး ကျန် ၆ လ တွင်အသင်းဝင်များထံမှ ပြန်လည်ကောက်ခံ၍ မြန်မာ့စီးပွားရေးဘဏ်သို့ လစဉ် အရစ်ကျအပြည့်အဝပြန်လည်ပေးဆပ်ရန်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ကိုင်နေသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအထိ ရွှေ့ဆိုင်းပေးသည့် ချေးငွေအရင်းနှင့် အတိုးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးပေးမည့် အတိုးမဲ့ချေးငွေ အစီအစဉ်ကို ထပ်မံထုတ်ပြန်မည် ဖြစ်ပါသည်။

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁ / ၆ ( ၈၅၅ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်

**ဖြန့်ဝေခြင်း**

- အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ
- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအားလုံး
- မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း
- အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး

- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်
  ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှူးများအားလုံး
- စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

အမိန့်အရ

၂၇/၁၀/၂၀၂၀

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ